**(၂၂)CB CO-BRANDED DEBIT CARD (MPU-JCB) တွင်မည်သည့်ငွေအမျိုးအစားဖြင့် ထည့်သွင်းထားပါသနည်း။**

CB CO-BRANDED DEBIT CARD(MPU-JCB)တွင်ထည့်သွင်းထားသော ငွေအမျိုးအစားမှာ MMK (မြန်မာကျပ်) ငွေအမျိုးအစား ဖြစ်ပါသည်။

**(၂၃)CB CO-BRANDED DEBIT CARD (MPU-JCB) လျှောက်ထားမည့် Customerများအနေဖြင့် Cardလျှောက်ထားလိုလျှင်မည်သည့်ငွေအမျိုးအစားကို ယူဆောင်လာရပါမည်နည်း။ မည်သည့် Account ဖွင့်ရန်လိုအပ်ပါသနည်း။**

CB CO-BRANDED DEBIT CARD(MPU-JCB) လျှောက်ထားမည့် Customer များအနေဖြင့် Card လျှောက်ထားလိုလျှင် မြန်မာကျပ်ငွေကိုသာ ယူဆောင်လာရပါမည်။ Saving / E-saving Account များဖွင့်ရန် လိုအပ်ပါသည်။

**(၂၄)CB CO-BRANDED DEBIT CARD (MPU-JCB) ကိုပိုင်ရှင်မှ သက်တမ်း (၅) နှစ်မပြည့်မီတွင် ပိတ်သိမ်းခွင့်ရှိပါသလား။**

CB CO-BRANDED DEBIT CARD(MPU-JCB)ကိုပိုင်ရှင်မှ သက်တမ်း (၅)နှစ် မပြည့်မီ တွင်ပိတ်သိမ်းခွင့်ရှိပါသည်။

**(၂၅)CB CO-BRANDED DEBIT CARD (MPU-JCB) ကိုသုံးစွဲရာတွင် အကြောင်း တစ်စုံတစ်ရာ ရှိပါက မည်သို့ အကူအညီတောင်းခံရမည်နည်း။**

အကြောင်း တစ်စုံတစ်ရာ ရှိပါက ကတ်၏ နောက်ကျောတွင် ပါရှိသော CB BANK မှ 24 နာရီ ဝန်ဆောင်မှု ပေးသော HelpDisk တယ်လီဖုန်းနံပါတ် (+ ၉၅၁ ၃၇၈၉၀၅) (သို့မဟုတ်) Call Center တယ်လီဖုန်းနံပါတ် (၁၈၇၄) သို့ ဆက်သွယ်မေးမြန်း၍ အကူအညီတောင်းခံနိုင်ပါသည်။

**(၂၆)ကတ်အသုံးပြုရန်မည်သည့်ကုန်ကျစရိတ်များကိုပေးဆောင်ရမည်နည်း။**

1. Joining Fees For Standard Card =ဝန်ဆောင်ခမယူပါ။
2. Joining Fees For Gold Card =မြန်မာကျပ်ငွေ 3,000/-
3. Joining Fees For Platinum Card =မြန်မာကျပ်ငွေ 5,000/-
4. JCB Card Logo ပါသော POS များတွင်သုံးစွဲခြင်း =ဝန်ဆောင်ခမယူပါ။
5. Online မှတဆင့်ဈေးဝယ်ခြင်း =ဝန်ဆောင်ခမယူပါ။
6. ပြည်ပ ATM တွင် ငွေသားထုတ်ယူခနှုန်း =မြန်မာကျပ်ငွေ 3,000/-
7. Oversea ATM တွင်လက်ကျန်ငွေကြည့်ရှုခနှုန်း =မြန်မာကျပ်ငွေ 500/-
8. ကတ်ပြန်လည်သုံးစွဲရန် လျှောက်ထားခနှုန်း =မြန်မာကျပ်ငွေ 1,000/-
9. ကတ်ပျောက်/ပျက်စီးခြင်းအတွက် ကတ်အသစ်လျှောက်ထားနှုန်း =မြန်မာကျပ်ငွေ 5,000/-

**(၂၇)PIN နံပါတ်အား မည်သို့ ပြောင်းလဲနိုင်သနည်း။**

ပထမအဆင့်အနေဖြင့်CB BANK မှ Default PINနံပါတ်ထုတ်ပေးမည်ဖြစ်ပြီးငင်း PINနံပါတ်အား မိမိပြောင်းလဲလိုသော PINနံပါတ်ဖြင့်နှီးစပ်ရာ CB Bank ATM စက်များတွင် ပြောင်းလဲပြီးမှသာ အသုံးပြုနိုင်မည် ဖြစ်ပါသည်။

**(၂၈)သုံးစွဲသူမှအဆင်မပြေမှုရှိခဲ့သော Transaction များအတွက်မည်ကဲ့သို့ဆောင်ရွက်နိုင်သနည်း။**

Customer မှသုံးစွဲလိုက်ပြီး အဆင်ပြေမှုမရှိသောTransactionများ အတွက် ဘဏ်သို့လာရောက်၍ရက်ပေါင်း(၁၂၀)အတွင်းDisputeလျှောက်ထားနိုင်ပါသည်။ ရက်ပေါင်း(၁၂၀)နှင့်အထက်ကျော်လွန်သောTransactionများအတွက်Dispute လျှောက်ထား၍မရနိုင်ပါ။

C B BANK


**CARD DEPARTMENT (Head Office):**
No(334/336),Corner of Strand Road & 23rd Street,
Latha Township, Yangon, Myanmar.
**HelpDesk Ph:** +95 1 370145, +95 1 378905
**Call Centre Ph:** 1874
**Website:** www.cbbank.com.mm
**Facebook:** www.facebook.com/CBBankmyanmar


C B BANK

# C B BANK

## CB CO-BRANDED DEBIT CARD (MPU-JCB)

## အတွက် FAQ

### (၁)CB CO-BRANDED DEBIT CARD(MPU-JCB)ဆိုသည်မှာအဘယ်နည်း။

ပြည်ပနိုင်ငံများသို့ ခရီးသွားသူများအတွက် ငွေသားများကို သယ်ယူသွားရန် မလိုအပ်ဘဲ လွယ်ကူသက်သာ လုံခြုံစိတ်ချစွာ ကိုင်ဆောင်သွားနိုင်ပြီး၊ ပြည်တွင်း၌ MPU Card/ပြည်ပ၌ JCB Card အဖြစ် ပြည်တွင်းရောပြည်ပမှာပါ သုံးစွဲနိုင်သည့် ကတ် အမျိုးအစား ဖြစ်ပါသည်။

### (၂)CB CO-BRANDED DEBIT CARD (MPU-JCB) ရရှိအောင် မည်သို့ ဆောင်ရွက် ရမည်နည်း။

ရန်ကုန်မြို့ရှိ CB BANK ရုံးချုပ် နှင့် CB BANK ဘဏ်ခွဲများ အားလုံး၌ သတ်မှတ် လျှောက်လွှာတွင်ဖြည့်စွက်ပြီးလျှောက်ထားနိုင်ပါသည်။

### (၃)မည်သူတို့က CB CO-BRANDED DEBIT CARD (MPU-JCB) ကို လျှောက် ထားနိုင်ပါသနည်း။

အသက် (18)နှစ်နှင့် အထက် မည်သူမဆိုလျှောက်ထားနိုင်ပါသည်။

### (၄)CB CO-BRANDED DEBIT CARD (MPU-JCB) လျှောက်လွှာတင်ရာ တွင် မည်သည်တို့လိုအပ်ပါသနည်း။

CB CO-BRANDED DEBIT CARD (MPU-JCB) စာရင်း ဖွင့်သည့်အခါ မှတ်ပုံတင်(သို့မဟုတ်)နိုင်ငံကူးလက်မှတ်၊ နေရပ်လိပ်စာ နှင့်Email Address တို့လိုအပ်ပါသည်။

### (၅)CB CO-BRANDED DEBIT CARD (MPU-JCB) ရရှိပြီးနောက်မည်သည့် အချိန်တွင်သုံးစွဲနိုင်ပါသနည်း။

CB CO-BRANDED DEBIT CARD (MPU-JCB) လက်ဝယ်ရောက်ရှိသည့် အချိန်မှစ၍ 48 နာရီအတွင်းစတင် သုံးစွဲနိုင်ပါသည်။

### (၆)CB CO-BRANDED DEBIT CARD (MPU-JCB) သုံးစွဲသည့် အတွက် မည်သည့် အကျိုးကျေးဇူးကို ရရှိမည်နည်း။

မြန်မာပြည်ရှိ အလွှာအသီးသီးမှ လုပ်ငန်းရှင်များ၊ ကုမ္ပဏီဝန်ထမ်းများ၊ ရဟန်းရှင်လူများသည် နိုင်ငံတကာတွင် အမေရိကန် ဒေါ်လာကိုင်တွယ်စရာမလိုဘဲ ယခုCB CO-BRANDED DEBIT CARD (MPU-JCB) ဖြင့်ပြည်တွင်း၊ ပြည်ပတွင် JCB Card အမှတ်တံဆိပ်ပါရှိသော ATM များ၊ POS စက်များတွင် အသုံးပြုနိုင်သဖြင့် ငွေကြေးလုံခြုံမှု ပိုမိုရရှိလာပြီး သုံးစွဲရာတွင် ပိုမိုအဆင်ပြေလာမည် ဖြစ်ပြီး ငွေကြေးပိုမို သုံးစွဲလာနိုင်မည်ဖြစ်ပါသည်။ ကျောင်းသားများအနေဖြင့် Online ပေါ်မှ စာမေးပွဲကြေးပေးသွင်းခြင်း၊ လိုအပ်သော Dataများ ဝယ်ယူခြင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံခြားသို့သွားရောက်သင်တန်းတက်ရာတွင် သုံးစွဲနိုင်ခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်နိုင်ငံခြားသို့အလုပ်ကိစ္စဖြင့် သွားရောက်ရာတွင် အလွယ်တကူသုံးစွဲနိုင်ခြင်း၊ Hotel သို့ကြိုတင်စာရင်းပေးသွင်းနိုင်ခြင်း၊မြန်မာနိုင်ငံသားများအနေဖြင့် Onlineပေါ်မှဈေးဝယ်နိုင်ခြင်း၊ နိုင်ငံခြားသို့ ဆေးကုသမှုခံယူသူများ အတွက်လည်း အဆင်ပြေချောမွေ့နိုင်စေခြင်း စသည့်အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်ပါသည်။

### (၇)CB CO-BRANDED DEBIT CARD (MPU-JCB) ကို Online, Internet, E- commerce တွင် အသုံးပြုနိုင်ပါသလား။

အသုံးပြုနိုင် ပါသည်။

### (၈)CB CO-BRANDED DEBITCARD (MPU-JCB)အတွက်ဘဏ်ရှင်းတမ်း ကို ပေးပို့ပါမည်လား။

ဘဏ်ရှင်းတမ်းကို E-Statement Services ဝန်ဆောင်မှုအသုံးပြုထားပါက Customer ၏ E-Mail သို့ပေးပို့ပေးမည် ဖြစ်ပါသည်။ သင်၏လက်ကျန်ငွေကိုနိုင်ငံတကာရှိ JCB Card အမှတ်တံဆိပ်ပါရှိသော ATM များတွင် CB CO - BRANDED DEBIT CARD (MPU - JCB) ဖြင့် စစ်ဆေးနိုင်ပါသည်။Mobile/InternetBankingတို့တွင်လည်း လက်ကျန်ငွေနှင့် Transaction Statement တို့ကို စစ်ဆေး နိုင်ပါမည်။

### (၉)CB CO-BRANDED DEBIT CARD(MPU-JCB)ကိုမည်သို့အသုံးပြုနိုင် သနည်း။

သင်၏ ကတ်သည် JCB Card အမှတ်တံဆိပ်ပါရှိသော CB CO-BRANDED DEBIT CARD(MPU-JCB)ဖြစ်သောကြောင့်နိုင်ငံတကာရှိ JCB Card အားလက်ခံရာစတိုးဆိုင်များ၊ ATMများနှင့် Onlineများတွင် ၎င်းကတ်ကိုအသုံးပြုနိုင်သည်။Debit Card ဖြစ်သောကြောင့်Accountထဲတွင်ထည့်သွင်းထားသောငွေကြေးပမာဏအထိသာသုံးစွဲခြင်းကို သတ်မှတ်ကန့်သတ်ပေးထားသည်။သင်၏ကတ်ကိုသင်တစ်ကြိမ် အသုံးပြုတိုင်းသင်ဝယ်ယူသည့်ငွေကြေးပမာဏအား သင်၏ Account ထဲသို့ ငွေကြေးထပ်မံဖြည့်သွင်းခြင်းနှင့်ပတ်သက်၍အသေးစိတ်အချက်အလက်များကို သိရှိလိုပါကCB BANK ရုံးချုပ် နှင့် CB BANK ဘဏ်ခွဲများသို့ ဆက်သွယ် ဆောင်ရွက်ရန်ဖြစ်ပါသည်။

### (၁၀)CB CO-BRANDED DEBIT CARD(MPU-JCB) ဖြင့် ATM စက်များ တွင် မည်ကဲ့သို့ ငွေထုတ်ယူနိုင်သနည်း။

JCB Card အမှတ်တံဆိပ်ပါရှိသော နိုင်ငံတကာရှိမည်သည့် ATM စက်များတွင်မဆိုငွေထုတ်ယူရန်အတွက်အသုံးပြုနိုင်မည်ဖြစ်ပြီးATM စက်ထဲသို့ကတ်ကိုထည့်သွင်း၍PINနံပါတ်ကိုရိုက်ထည့်ရမည်။ ငွေထုတ်ရန်စစ်ဆေးရွေးချယ်ပြီးထုတ်ယူလိုသောငွေပမာဏကို ရိုက်ထည့်ရပါမည်။ထို့နောက်ငွေသားနှင့်ကတ်ကိုထုတ်ယူပြီး ငွေရပြေစာအားစစ်ဆေးထုတ်ယူရမည်ဖြစ်ပါသည်။ထိုသို့အသုံးပြုရန်အတွက်သင့်ကတ်၏လက်ကျန်ငွေပမာဏကိုသိရှိထားရမည်။အဘယ်ကြောင့်ဆိုသော်ရောင်းသူနှင့်ဝန်ဆောင်မှုပေးသူတို့သည်သင်၏ငွေစာရင်းလက်ကျန်ပမာဏကို မသိရှိနိုင်သောကြောင့် ဖြစ်ပါသည်။

### (၁၁)CB CO-BRANDED DEBIT CARD (MPU-JCB)ပျောက်ဆုံးပျက်စီးလျှင် (သို့မဟုတ်) အခိုးခံရလျှင် မည်ကဲ့သို့ လုပ်ရမည်နည်း။

ကတ်ပျောက်ဆုံးပျက်စီးလျှင်(သို့မဟုတ်)အခိုးခံရလျှင် ကတ်တွင်ပါဝင်သောအကြောင်းအရာများ(သို့မဟုတ်)ကတ်၏နောက်ကျောတွင်ဖော်ပြ ထားသော HelpDesk တယ်လီဖုန်းနံပါတ် (+၉၅၁ ၃၇၈၉၀၅) (သို့မဟုတ်)Call Center တယ်လီဖုန်းနံပါတ်(၁၈၇၄)သို့ချက်ချင်းခေါ်ဆို အကြောင်းကြား၍ကတ်သုံးစွဲမှုအားတားမြစ်ရမည်ဖြစ်ပါသည်။ အကယ်၍ ချက်ချင်းအကြောင်းကြားရန်ပျက်ကွက်မှုကြောင့်တစ်စုံတစ်ရာဆုံးရှုံးမှုများ ဖြစ်ပေါ်လာပါကကတ်ပိုင်ရှင်မှတာဝန်ယူရမည် ဖြစ်ပါသည်။ CB BANK မှ တာဝန်ယူမည် မဟုတ်ပါ။

### (၁၂)CB CO-BRANDED DEBIT CARD (MPU-JCB) ကိုမည်သည့်နေရာများ တွင်အသုံးပြု၍ရနိုင်မည်နည်း။

ကမ္ဘာတစ်ဝှမ်းလုံးရှိ JCB Card အမှတ်တံဆိပ်အား လက်ခံသော Online website များ၊ အဆင့်မြင့်ကုန်တိုက်များ၊ ဆေးဆိုင်များ၊ အဝတ်အထည် စတိုးဆိုင်များ၊ ဆေးပစ္စည်းအရောင်းဆိုင်များ၊ ဓာတ်ဆီဆိုင်များ စသည့် နေရာများတွင် သုံးစွဲနိုင်ပါသည်။

### (၁၃)သီးခြားစီးပွားရေးလုပ်ငန်းများအတွက်ကတ်လျှောက်ထားခြင်းမပြုမီ မည်သည့် အကြောင်းအရာများကို သိသင့်သနည်း။

Merchantများမှတောင်းခံမည့်အခြားဝန်ဆောင်ခများ၊အခွန်အတွက်ပေးဆောင်ရမည့်ပမာဏ၊ဟိုတယ် များမှ ကြိုတင်ဖြတ်တောက်ထားသည့် ပမာဏ အစရှိသဖြင့် ပေးဆောင်ရမည့် ပမာဏများကိုသိရှိရပါမည်။

### (၁၄)CB CO-BRANDED DEBIT CARD(MPU-JCB) ဘယ်နှစ်မျိုးသတ်မှတ် ထားရှိပါသနည်း။

ကနဦးစာရင်းဖွင့်စဉ်အနည်းဆုံးမြန်မာကျပ်ငွေ ၁၀၀၀/- (တစ်ထောင် ကျပ် တိတိ) ဖြင့်စတင်စာရင်းဖွင့်ရမည်။ Standard Card, Gold Card နှင့် Platinum Card အဖြစ်(၃)မျိုးသတ်မှတ်ထားပါသည်။ အနည်းဆုံးကတ်ထဲတွင်ချန်ထားရမည့်ငွေပမာဏမှာမြန်မာကျပ်ငွေ ၁၀၀၀/- (တစ်ထောင် ကျပ်တိတိ) ဖြစ်ပါသည်။

### (၁၅)CB CO-BRANDED DEBIT CARD (MPU-JCB) ကတ်(၃) မျိုးအား မည်သည့် Account များဖြင့် ချိတ်ဆက်အသုံးပြုနိုင်ပါသနည်း။

CB CO-BRANDED DEBIT CARD (MPU-JCB) Standard Card/ Gold Card / Platinum Card များအားယခုလက်ရှိ MPU EASI Smart Cardများကဲ့သို့ပင် Saving Account / E-Saving Account များဖြင့် ချိတ်ဆက် အသုံးပြု နိုင်ပါသည်။

### (၁၆)အကယ်၍ဝယ်လိုသည့်ပစ္စည်းတန်ဖိုးမှာCB CO-BRANDED DEBIT CARD(MPU-JCB)ထဲတွင်ရှိသည့်ငွေပမာဏထက်များပါကမည်သို့ လုပ်ဆောင် ရမည်နည်း။

ဝယ်လိုသည့် ပစ္စည်းတန်ဖိုးသည် ကတ်ထဲတွင် ရှိသည့် ငွေပမာဏထက်များပါကMerchant မှလက်ခံသည့် ငွေသား(သို့မဟုတ်)အကြွေးဝယ်ကတ်စသည့် အခြားနည်းလမ်းများကိုလည်းအသုံးပြု၍ဝယ်ယူနိုင်ပါသည်။ ထိုကဲ့သို့ ဝယ်ယူရာတွင်ကတ်ထဲမှ ပိုက်ဆံကိုမည်မျှနုတ်ယူရမည် ဖြစ်ကြောင်းနှင့်ကျန်သည့် ငွေကိုမည်သည့် နည်းဖြင့် ပေးမည်ဆိုသည့် အချက်ကို ကောင်တာရှိ ငွေကိုင်အား ကတ်ပိုင်ရှင်မှ ကြိုတင်ပြောပြထားရမည် ဖြစ်သည်။ ထိုသို့မဟုတ်ဘဲ ဝယ်ယူမည့် ပစ္စည်းတန်ဖိုးသည်ကတ်ထဲတွင်ရှိသည့်ငွေပမာဏနှင့်မလုံလောက်ပါက Merchant မှ ကတ်ဖြင့်သုံးစွဲခြင်းကို ငြင်းပိုင်ခွင့်ရှိပါသည်။

### (၁၇)CB CO-BRANDED DEBIT CARD (MPU-JCB) သုံးစွဲမှုကိုအငြင်းခံရပါ ကမည်သို့ လုပ်ဆောင်သင့်ပါသနည်း။

အကယ်၍ သင်၏ကတ်သည်Decline Card(အငြင်းခံရသည့်ကတ်) ဖြစ်ခဲ့ပါကMerchantအနေဖြင့်သင့်ကိုအသိပေးမည်ဖြစ်ပါသည်။၎င်းသို့ မဖြစ်စေရန်အတွက်ကတ်၏ငွေလက်ကျန်ကိုကတ်၏ နောက်ကျောတွင်ဖော်ပြပေးထားသော HelpDesk တယ်လီဖုန်းနံပါတ်(+၉၅၁ ၃၇၈၉၀၅) သို့ ဆက်သွယ်၍ ငွေလက်ကျန်ကိုမေးမြန်းနိုင်ပါသည်။နီးစပ်ရာ ATM နှင့် Mobile/ Internet Banking အသုံးပြု၍လည်းစစ်ဆေးနိုင်ပါသည်။

### (၁၈)အကယ်၍ စိတ်ပြောင်းပြီး ပစ္စည်းတစ်ခုကို မဝယ်တော့ပါကမည်သို့လုပ်ဆောင် ရမည်နည်း။

သင် မဝယ်လိုပါက သင်နှင့် Merchant တို့၏ သဘောတူညီချက် အရ (Merchant မှ ငွေပြန်အမ်းမည်/မအမ်းမည် ဆိုသည်မှာMerchant ၏ သဘောအရသာဖြစ်ပါသည်။)Merchant နှင့်သာဆက်သွယ်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ၎င်းကိစ္စအတွက် CB BANK မှ တာဝန်ယူဆောင်ရွက်ပေးရန်မလိုပါ။

### (၁၉)CB CO-BRANDED DEBIT CARD (MPU-JCB)ကတ်ကို မည်ကဲ့သို့ အသုံးပြုနိုင်ပါသနည်း။

ကတ်တွင်ဖော်ပြထားသည့် ကုန်ဆုံးရက်မတိုင်မီအထိ (သို့မဟုတ်) ကတ်ထဲတွင် ရှိသည့် ငွေပမာဏ ကုန်သည်အထိ အသုံးပြုနိုင် ပါသည်။ ငွေလက်ကျန်မရှိတော့ပါက CB BANK၏ ရုံးချုပ်နှင့်ဘဏ်ခွဲများ သို့သွားရောက် ၍ တိုက်ရိုက်ငွေပြန်ဖြည့်နိုင်ပါသည်။

### (၂၀)ကတ်အသုံးမပြုမီ ကတ်ကို အသုံးပြုနိုင်အောင်ပြုလုပ်ရန်လိုအပ်ပါသလား။

လိုအပ်ပါသည်။ကတ်၏နောက်ကျောတွင်ပါသောဖုန်းနံပါတ်သို့ ကတ်ပိုင်ရှင်မှ စာရင်းစတင် ဖွင့်လှစ်စဉ်တွင် ရေးသွင်းခဲ့သော ဖုန်းနံပါတ်ဖြင့်သာ SMS ပေးပို့၍ ဘဏ်ဖွင့်ရက် ရုံးချိန်အတွင်းတွင် Activate ပြုလုပ်ရမည် ဖြစ်ပါသည်။ Activate ပြုလုပ် ပြီးစီးကြောင်းကို လူကြီးမင်း၏ ဖုန်းနံပါတ်သို့ SMS ပေးပို့၍ အကြောင်းကြား ပေးမည်ဖြစ်ပါသည်။

### (၂၁)CB CO-BRANDED DEBIT CARD(MPU-JCB)ကိုပြန်လည်ငွေဖြည့်သွင်းနိုင်သည့်CB BANK ၏တည်နေရာများကိုမည်ကဲ့သို့သိရှိနိုင်မည်နည်း။

CB CO-BRANDED DEBIT CARD (MPU-JCB) လျှောက်လွှာလက်ခံသည့်နေရာ၊ ငွေသွင်းနိုင်သည့်နေရာများကိုCB Bank ၏ Website တွင်ရှာဖွေနိုင်ပါသည်။ ထို့အပြင် CB Bankမှ ထုတ်ဝေသောလက်ကမ်းစာစောင်၊ ကြော်ငြာစာရွက် များတွင်လည်း ကြည့်ရှုနိုင်ပါသည်။